**အချုပ်အခြာပိုင်နယ်ခြား စစ်ဆင်ရေး**

**ဤသတင်းအချက်အလက်များသည် ဩစတြေးလျနိုင်ငံ ပြင်ပ တွင် ရှိသူများ ကို ရည်ရွယ်သည်။**

ဩစတြေးလျအစိုးရသည် ရေကြောင်းခရီးမှ တရားမဝင် ဝင်ရောက်လာမှုများနှင့် လူကုန်ကူးမှုများ ကို တားဆီးရန်အတွက် အတင်းကျပ်ဆုံးသော နယ်ခြားလုံခြုံရေးအစီအမံများ ကို ဆောင်ရွက်လျက်ရှိသည်။

**အချုပ်အခြာပိုင်နယ်ခြား စီမံကိန်း (OSB) ဆိုသည်မှာ အဘယ်နည်း။**

အချုပ်အခြာပိုင်နယ်ခြားစီမံကိန်း ဆိုသည်မှာ ဩစတြေးလျနိုင်ငံရေပိုင်နက်အတွင်း သို့ တရားမဝင်လာရောက်သည့် လှေများ ကို တားဆီးရန်၊ ပင်လယ်ပြင်တွင် လူ့ အသက်ဆုံးရှုံးမှုများ ကို ကာကွယ်ရန် နှင့် ဩစတေးလျ လူဝင်မှုကြီးကြပ်ရေး လုပ်ငန်းစဉ်များ ကို လေးစားရန် အတွက် ဩစတြေးလျ စစ်တပ် မှ ဦးဆောင်စီမံသည့် နယ်ခြားလုံခြုံရေးလုပ်ငန်းစဉ် ဖြစ်သည်။

**ပြည်ဝင်ခွင့်လက်မှတ် မရှိပဲ ဩစတြေးလျ သို့ လာရောက်သူများ အပေါ် မည်သို့ အကျိုးသက်ရောက်မှုရှိသနည်း။**

လှေလမ်းခရီး ကဲ့သို့ တရားမဝင်သောနည်းလမ်းများ ဖြင့် လာရောက်သူများ သည် ဩစတြေးလျ တွင် မည်သည့်အကြောင်း မျှဖြင့် နေထိုင်ခွင့် ရမည်မဟုတ်ပါ။

လှေလမ်းခရီးမှ တရားမဝင်လာရောက်သူများ အတွက် ရွေးချယ်ခွင့် နှစ်ခုရှိသည် - ခရီးလမ်းခုလတ် တွင် တားဆီးခံရပြီး ဩစတြေးလျရေပိုင်နက်ပြင်ပ သို့ ဘေးကင်းလုံခြုံစွာ ပို့ ဆောင်ပေးခြင်းခံရမည် (သို့ မဟုတ်) အခြားနိုင်ငံ တစ်ခု သို့ ကမ်းလွန်ဆိုက်ကပ်ခွင့် ဆက်လက်ဆောင်ရွက်ရန် ပို့ ဆောင်ပေးခြင်းခံရမည်။ ဩစတြေးလျနိုင်ငံ အတွင်း အခြေချနေထိုင်ခွင့် နှင့် ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်ပိုင်ခွင့် ဘယ်သောအခါမျှရရှိမည်မဟုတ်ပါ။

ဤ စည်းမျဉ်း သည် လူတိုင်းအတွက်- ဥပမာ - မိသားစုများ၊ ကလေးများ၊ အုပ်ထိန်းသူမဲ့ ကလေးများ၊ အသိပညာရှင် အတတ်ပညာရှင် မည်သူမဆို အကျုံးဝင်သည်။

အထက်ပါအချက်များ သည် ဩစတြေးလျအစိုး ၏ မူဝါဒ ဖြစ်ပြီး မူဝါဒပြောင်းလဲရန် မရှိပါ။

**ကျွန်ုပ် ၏ ဆွေမျိုးများ သည် ဩစတြေးလျတွင် ရှိနေခဲ့ပြီးဖြစ်လျှင် (သို့ မဟုတ်) ကျွန်ုပ် ၏ ဆွေမျိုးများသည် ဩစတြေးလျ တွင် နေထိုင်ခွင့် ရှိသူများ (သို့ ) ဩစတြေးလျနိုင်ငံသားများ ဖြစ်နေပါ က ကျွန်ုပ် အပေါ် မည်သို့ ထူးခြားစွာ သက်ရောက်မှု ရှိနိုင်သနည်း။**

သင်၏ မိသားစု ဝင်များ ဩစတြေးလျ တွင် ရှိနေခဲ့လျှင်ပင် သင့်အတွက် မည်သို့ မျှ ထူးခြားမည် မဟုတ်ပါ။ ဤ စည်းမျဉ်း သည် ဩစတြေးလျသို့ လှေလမ်းခရီး ဖြင့် တရားမဝင် ဝင်ရောက်ဖို့ ကြိုးစားသူတိုင်းအပေါ် တူညီစွာ သက်ရောက်မှု ရှိသည်။

**လှေများ ကို လာရာလမ်းအတိုင်း နောက်ပြန်လွှတ်မည်လား။**

ဩစတြေးလျ နိုင်ငံအတွင်း သို့ တရားမဝင် လာရောက် ရန် ကြိုးစားသည့် မည်သည့် ရေယာဉ် ကို မဆို တားဆီး စစ်ဆေးပြီး ဩစတြေးလျရေပိုင်နက် ပြင်ပသို့ လုံခြုံဘေးကင်းစွာ ဖယ်ရှားရန် မှာ ဩစတေးလျအစိုးရ ၏ မူဝါဒ နှင့် လုပ်ငန်းတာဝန် ဖြစ်သည်။

**လူကုန်ကူးသူများ မှ ကျွန်ုပ် ကို လမ်းခုလတ် တွင် တားဆီးခြင်း မခံရ အောင် မတူညီသောလမ်းကြောင်းအသစ်များ မှ ပို့ ဆောင်ပေးမည်ဟု ပြောပါသည်။ ဆိုက်ရောက်စေရမည်ဟု အာမခံ ပါသည်။**

လူကုန်ကူးသူများ ၏ အာမခံချက် မှာ လိမ်ညာမှုသက်သက် သာဖြစ်သည်။ မည်သည့်လမ်းက လာ သည်ဖြစ်စေ ဩစတြေးလျသို့ ဆိုက်ရောက်မည်မဟုတ်ပါ။

**ကျွန်ုပ်သည် ဩစတြေးလျနိုင်ငံ တွင် အခြေချနေထိုင် ခွင့် ရ ရှိ နိုင်သည် ဟု လူကုန်ကူးသူများ က ပြောပါသည်။**

လူကုန်ကူးသူများ ၏ လိမ်ညာမှုများ ကို မယုံကြည်ပါနှင့်။ ထို ရာဇဝတ်ကောင်များသည် သင် ၏ ပိုက်ဆံ နှင့် ပိုင်ဆိုင်မှုများ ကို ခိုးယူ ပြီး သင် နှင့် သင့်မိသားစု အား အသက်အန္တရာယ်ကျရောက်ရန် တွန်းပို့ နေသူများ ဖြစ်သည်။ သင်နှင့် သင့်မိသားစု သည် ဩစတြေးလျနိုင်ငံ တွင် နေထိုင်ခွင့်ရမည်မဟုတ်ပါ။ အခြားနိုင်ငံတခုခု သို့ ကမ်းကပ်ခွင့် ဆက်လက်ဆောင်ရွက်ရန် ပို့ ဆောင်ခြင်းသာခံရမည်။

ပြည်ဝင်ခွင့် မရှိပဲ ဩစတြေးလျ သို့ ရေလမ်းခရီး မှတဆင့် တရားမဝင်လာရောက်ရန်ကြိုးစားမှုသည် သင် နှင့် သင့်မိသားစု ၏ အသက် စည်းစိမ် ကို အကျိုးမဲ့ စွာ စွန့် စားခြင်းဖြစ်သည်။

**တားဆီးခြင်းမခံရပဲ ဩစတြေးလျ သို့ ဆိုက်ရောက်လာ သော တရားမဝင် ရေယာဉ်များ သည် ဘာဆက်ဖြစ်မည်နည်း။**

ဩစတြေးလျ ၏ တင်းကျပ်သည့် နယ်ခြားလုံခြုံရေးအစီအမံများကြောင့် လှေများသည် တားဆီးစစ်ဆေးခြင်းမခံရပဲ ဩစတြေးလျပိုင်နက် အတွင်း သို့ ဝင်ရောက်လာနိုင်မည် မဟုတ်ပါ။

တရားမဝင်ရေယာဉ်များ သည် မည်သည့်နေရာတွင် ရောက်ရှိနေသည်ဖြစ်စေ လာရင်းနိုင်ငံ သို့ မဟုတ် ပါပူဝါနယူးဂီနီ (သို့ မဟုတ်) နာရူ နိုင်ငံများ ရှိ ကမ်းလွန်ဆိုက်ကပ်ခွင့်ဆက်လက်ဆောင်ရွက်ရာ ဌာနများသို့ ၄၈ နာရီအတွင်း ပို့ ဆောင်ခံရမည်။

လှေလမ်းခရီး ကဲ့သို့ တရားမဝင်သောနည်းလမ်းများ ဖြင့် လာရောက်သူများ သည် ဩစတြေးလျ တွင် မည်သည့်အကြောင်း မျှဖြင့် အခြေချနေထိုင်ခွင့် ရမည်မဟုတ်ပါ။

**ဩစတြေးလျ ၊ ပါပူဝါနယူးဂီနီ နှင့် နော်ရူ နိုင်ငံများ အချင်းချင်း မည်သို့ စီစဉ်ဆောင်ရွက်မှုများ ရှိသနည်း။**

တရားမဝင် ရေကြောင်းခရီး မှ ရောက်ရှိလာသည့် - မိသားစုများ၊ ကလေးများ၊ အုပ်ထိန်းသူမဲ့ကလေးများ၊ အသိပညာရှင် အတတ်ပညာရှင် အစရှိသည့် လူများ ကို ပါပူဝါနယူးဂီနီ နိုင်ငံ နှင့် နာရူ နိုင်ငံများ တွင် ဆက်လက် စီမံဆောင်ရွက်ရန်  ဩစတြေးလျ နိုင်ငံ သည် ၄င်းနိုင်ငံများဖြင့် သဘောတူညီမှုများ ရရှိထားပြီးဖြစ်သည်။

တရားမဝင်ရောက်ရှိလာသူများ သည် ဒုက္ခသည်များ မဟုတ်ကြောင်း စစ်ဆေးတွေ့ ရှိခဲ့ပါက သက်ဆိုင်ရာနိုင်ငံများ (သို့ ) နေထိုင်ခွင့်ရှိသည့် နိုင်ငံများ သို့ ပြန်လည်ပို့ ဆောင်သွားမည်ဖြစ်သည်။

ဒုက္ခသည်များ ဖြစ်နေခဲ့လျှင်ပင် ဩစတြေးလျနိုင်ငံ တွင် အခြေချနေထိုင်ခွင့်ရမည်မဟုတ်ပါ။

တရားမဝင်ရေယာဉ်များ ကို လာရင်းနိုင်ငံ သို့ ပြန်လွှတ်ရန်မဖြစ်နိုင်သည့် အခြေအနေတွင်မှ ကမ်းလွန် ဆိုက်ကပ်ခွင့်ဆက်လက်ဆောင်ရွက်ရန် စီစဉ်ပေးမည်ဖြစ်သည်။

ဤ စဉ်းမျဉ်းသည် လူတိုင်း အတွက် အကျုံးဝင်ပြီး တစုံတရာ ခြွင်းချက်မရှိပါ။

**ဤ မူဝါဒ အောက်တွင် မိန်းမများ နှင့် ကလေးများ အကျုံးဝင် ပါသလား။**

ဩစတြေးလျနိုင်ငံ အတွင်း ဥပဒေမဲ့ ဝင်ရောက် ရန် ကြိုးစားသူတိုင်း သည် ဩစတြေးလျရေပိုင်နက်အတွင်းမှ လုံခြုံဘေးကင်းစွာ ဖယ်ရှားခံရမည် ဖြစ်ပြီး လာရင်းနိုင်ငံ (သို့ မဟုတ်) ပါပူဝါနယူးဂီနီ (သို့ ) နာရူ နိုင်ငံများ သို့ ပို့ ဆောင်ခြင်းခံရမည်။ မိသားစု များ၊ ကလေးများ လည်း အကျုံးဝင်သည်။

**အုပ်ထိန်းသူမဲ့ကလေးသူငယ်များ အတွက်မည်သို့ စီစဉ်ထားသနည်း။**

မည်သူ တစ်ဦးတစ်ယောက်မျှ ခြွင်းချက်မရှိ ဩစတြေးလျရေပိုင်နက် ပြင်ပ သို့ ကမ်းလွန်ဆိုက်ကပ်ရန် ဖယ်ရှားပို့ ဆောင်ခံရမည်။ ၄င်းတို့ ကို အမှုကြောင်းအရ ဆက်လက် ဆောင်ရွက်သွားမည်။

**ယခုအစီအစဉ်သစ်အရ ပါပူဝါနယူးဂီနီ (သို့ ) နာရူ နိုင်ငံများ သို့ ပြောင်းရွှေ့ အခြေချနိုင် သည့် လူဦးရေ အရေအတွက် သတ်မှတ်ထားပါသလား။**

ယခုအစီအစဉ်အသစ် အရ ရွှေ့ ပြောင်းနိုင်သည့် လူဦးရေ ပမာဏ ကန့် သတ်ထားခြင်းမရှိပါ။

နှစ်နိုင်ငံစလုံးတွင် လုံလောက်သော အစီအမံများ ကို ဆောင်ရွက်ထားပြီး ဖြစ်သည်။